# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ၆၇ ။)

၁၃၇၇ ခုနှစ် ၊ နတ်တော်လဆန်း  ၁၁ ရက်

(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ  ၂၂  ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစား အရလည်းကောင်း၊ သဘာဝအရင်းအမြစ် အနေအထားအရလည်းကောင်း၊ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးအတွက်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပေး နိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များသို့ လုပ်ပိုင်ခွင့် ခွဲဝေသတ်မှတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊"

၃။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၃ ၏ နောက်တွင် ပုဒ်မ ၁၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၃-က။ ကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များသို့ မိမိ၏ လုပ်ပိုင်ခွင့်များကို ခွဲဝေသတ်မှတ်ပေးနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်